EMReF
Enlightened Myanmar
Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၈)၊ ဇွန်လ (၁၈) ရက်၊ ၂၀၁၆

## ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) စတင်ကျင်းပ



(ဓာတ်ပုံ - www.mdyregionhluttaw.gov.mm)

တနင်္လာ၊ ဇွန် ၁၃၊ ၂၀၁၆

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့) ကို ယနေ့နံနက် (၁၀း၀၀) နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းသည့် မေးခွန်း (၁၂) ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ဖြေကြားခြင်း၊ ၂၀၁၄ ခုနှစ်၊ မန္တလေး မြို့တော်စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမှ ထောက်ခံခြင်း၊ ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/ မသင့်ကို လွှတ်တော်၏ သဘောထား ရယူခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကော်မတီ (၆) ခု၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲ/ ဖြည့်စွက် တာဝန်ပေးအပ်ရန် အမည်စာရင်းများကို ဥက္ကဋ္ဌက လွှတ်တော် သို့ တင်ပြခြင်းနှင့် ၂၀၁၄ခုနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်သည့် အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ် တစ်ဦးမှ လွှတ်တော်သို့ ဖတ်ကြား တင်ပြခြင်း တို့ကို ဆောင်ရွက်ကြသည်။

ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်း အဝေး (ပထမနေ့) ကို နံနက် (၁၁) နာရီ (၁၀) မိနစ်တွင် ရပ်နား ကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့)ကို (၁၄.၆.၂၀၁၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရ သည်။

*(ကိုးကား-www.mdyregionhluttaw.gov.mm)*

## အများပြည်သူပိုင်နေရာများ ပြည်သူများ ပြန်လည်ပိုင်ဆိုင်ခွင့်ရရေးအဆို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အတည်ပြု

သောကြာ၊ ဇွန် ၁၇၊ ၂၀၁၆

အများပြည်သူပိုင်နေရာများကို ပြည်သူများ ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိရေး အဆိုကို ဇွန်လ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ အချေ အတင် ဆွေးနွေးပြီး လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်လိုက် သည်။

သင်္ဃန်းကျွန်းမြို့နယ် မဲဆန္ဒနယ် (၁) မှ ဦးနေဘုန်းလတ်၏ အများ ပြည်သူပိုင်နေရာများကို ဌာနဆိုင်ရာများက ကျူးကျော်ခြင်း၊ ငှားရမ်းခြင်း၊ ဂရန်ထုတ် ရောင်းချခြင်းဖြစ်စဉ်များ ထပ်မံပေါ်ပေါက်ခြင်းမရှိစေရန်နှင့် ဖြစ်ခဲ့ပြီးသော ကိစ္စရပ်များကိုလည်း တတ်နိုင်သမျှ ဖော်ထုတ်ပေးရန် အဆိုနှင့်ပတ်သက်၍ မြို့တော်ဝန်က မှတ်တမ်းတင်ထားရန် ပြောကြားခဲ့ သောကြောင့် အဆိုရှင်က လက်မခံဘဲ လွှတ်တော်၏ အဆုံးအဖြတ် ခံယူရာ ကိုယ်စားလှယ် အားလုံးနီးပါးက ထောက်ခံ၍ လွှတ်တော်က အတည်ပြုခဲ့ခြင်း ဖြစ်သည်။

လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ဦးနေဘုန်းလတ်၏ အဆိုကို ထောက်ခံသည့် ကိုယ်စားလှယ်များ မတ်တတ်ရပ် ဆန္ဒပြုရန် ပြောကြားရာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် အားလုံးနီးပါးက မတ်တတ်ရပ်ခဲ့သည်။

အဆိုကို ကန့်ကွက်သူရှိလျှင် ဆန္ဒပြုရန် လွှတ်တော် ဥက္ကဋ္ဌက ဆက် လက်ပြောကြားရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးမောင်မောင်စိုးက မတ်တတ်ရပ်ခဲ့သည်။

"အဆိုကို ကန့်ကွက်ခြင်း မဟုတ်ပါဘူး။ အခု ကျွန်တော် မတ်တတ်ရပ်ခြင်း ကလည်း ကျွန်တော့်ရဲ့ တင်ထားတဲ့ Case Study (ရှင်းပြချက်) ကို ခိုင်လုံစွာ တင်ပြနိုင်ခြင်း ဖြစ်တယ်ဆိုတဲ့ အနေနဲ့ပဲ၊ ကန့်ကွက်တဲ့ အနေနဲ့ တင်တာပါ။ ဒီကိစ္စက ရာနှုန်းပြည့် မှန်ပါတယ်။ ကျွန်တော့်ရဲ့ Case Study ကိုပဲ တင်ပြခြင်း ဖြစ်ပါတယ်" ဟု မြို့တော်ဝန်က ပြောသည်။

ထို့အပြင် သင်္ဃန်းကျွန်းဈေးဘေးရှိ လေးထပ်အဆောက်အအုံ ဖယ်ရှားရေးနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် အရှေ့ပိုင်းခရိုင်တရားရုံး၌ တရားစွဲဆိုခံထားရပြီး တရားရုံး၏ ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မည်ဟု မြို့တော်ဝန်က ဆက်လက် ပြောကြားသည်။

ယင်းအဆိုနှင့် ပတ်သက်၍ NLD လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ထောက်ခံဆွေးနွေးပြီး စတင်ထောက်ခံသည့် အချိန်မှ အတည်ပြုချိန်အထိ နှစ်နာရီခန့် ကြာမြင့်ခဲ့သည်။

လွှတ်တော်က အတည်ပြုခဲ့သော အဆိုတွင်ပါဝင်သည့် အကြောင်း အရာများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

*(ကိုးကား-www.7daydaily.com)*

EMReF
Enlightened Myanmar Research Foundation

# မွန်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ဇွန်လ ၂၇ ရက်နေ့တွင် ကျင်းပမည်

သောကြာ၊ ဇွန် ၁၇၊ ၂၀၁၆

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကို လာမည့် ဇွန်လ ၂၇ ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက မွန်သတင်းအေဂျင်စီသို့ ပြောကြားသည်။



ဓာတ်ပုံ - Kyaw San Win facebook page

မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးနှင့် မွန်ပြည်နယ်အတွင်းမှ လူငယ်များ တွေ့ဆုံစဉ်။

မွန်ပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးက "ဒုတိယကြိမ် မွန်ပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို ဇွန်လ ၂၇ ရက်နေ့မှာ စမယ်၊ အဆို၊ မေးခွန်းတွေရဲ့ အခြေအနေ ကြည့်ပြီးတော့မှ အဆို၊ မေးခွန်းများရင် ရက်တွေ များမယ်ပေါ့" ဟု ပြောသည်။

*(ကိုးကား - Mon News Agency Facebook Page)*

ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

စုစည်းတင်ပြသူ

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀

# မြန်မာနိုင်ငံရေးသတင်းအချက်အလက်မဏ္ဍိုင် (MyPILAR) ဝက်ဘ်ဆိုက် မိတ်ဆက်ပွဲအခမ်းအနားကျင်းပ




ဓာတ်ပုံ - (MyPILAR team: EMReF)

စနေ၊ ဇွန် ၁၁၊ ၂၀၁၆

မြန်မာနိုင်ငံရေးသတင်းအချက်အလက်မဏ္ဍိုင် (MyPILAR) ဝက်ဘ်ဆိုက် မိတ်ဆက်ပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့က ရန်ကုန်မြို့၊ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူး များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ NGO/INGO နှင့် နိုင်ငံခြားသံရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် မီဒီယာများ တက်ရောက်ခဲ့သည်။

MyPILAR ဝက်ဘ်ဆိုက်သည် မြန်မာနိုင်ငံရေးသတင်းအချက်အလက်များအတွက် Information Platform တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဖန်တီးခဲ့ခြင်းဖြစ်သည်။ ဝက်ဘ်ဆိုက်တွင် နိုင်ငံရေးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဒေတာ၊ analysis နှင့် publication များအဖြစ် ရယူနိုင်မည်ဖြစ်သလို user uploads ကဏ္ဍလည်း ပါဝင်သောကြောင့် အသုံးပြုသူများဘက်က လည်း သတင်းအချက်အလက်များ ဝေမျှနိုင်မည်ဖြစ်သည်။

*(EMReF)*

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ Facebook လူမှုကွန်ရက်စာမျက်နှာ




သောကြာ၊ ဇွန် ၁၇၊ ၂၀၁၆

သတင်းထုတ်ပြန်မှုအားကောင်းလာသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ Facebook စာမျက်နှာဖြစ်သော Bago Region Hluttaw စာမျက်နှာသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် သက်ဆိုင်သော သတင်းအချက်အလက်မှန်သမျှကို ရရှိနိုင်သည့် စာမျက်နှာ တစ်ခု ဖြစ်သည်။ စာမျက်နှာပေါ်တွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ/မပြမေးခွန်းများ၊ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှု အခြေအနေများ၊ အဆိုများနှင့်အချေများ၊ အရေးပေါ် အစည်းအဝေး အခမ်းအနားအစီအစဉ်များ၊ ကော်မတီအသီးသီးမှ လွှတ်တော်သို့တင်သွင်းသော အစီရင်ခံစာများ စသည်ဖြင့် နေ့စွဲအလိုက် နောက်ဆုံးရ လွှတ်တော်သတင်းအချက်အလက်များကို သိရှိ ရယူနိုင်ပါသည်။

(ကိုးကား - Bago Region Hluttaw Facebook Page)

